# အာဏာသိမ်းရန်ကြိုးပမ်းမှု တစ်နှစ်ကြာပြီးနောက် အကောင်းဘက်သို့ မျှော်လင့်ရန်အကြောင်းအရင်းများ

**နေ့စွဲ ။ ။ ၂၈၊ ဇန်နဝါရီလ၊ ၂၀၂၂**

မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) သည် ယမန်နေ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်၊ ကြာသပတေးနေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် ကပ်ဘေးအကျပ်အတည်း အခြေအနေနှင့် ပြင်းထန်မှုမှာ လွန်စွာဆိုးရွားလျက်ရှိပြီး မင်းအောင်လှိုင်၏ အောင်မြင်မှုမရှိသော အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသည့်ကပ်ဘေးသည် ဒုတိယနှစ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း အကောင်းဘက်သို့မျှော်လင့်ရန် အကြောင်းရင်းများရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအဖွဲ့ဝင်များမှ ပြောကြားခဲ့သည်။

**“မနှစ်က ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ မင်းအောင်လှိုင်က မြန်မာနိုင်ငံအပေါ် အာဏာသိမ်းဖို့ ကြိုးပမ်းခဲ့တယ်။ တစ်နှစ်ကြာခဲ့ပြီဖြစ်ပေမယ့်လည်း အောင်မြင်မှု မရှိသေးဘူး။ ဘာကြောင့် မအောင်မြင်ရတာလဲ။ သူဘာကြောင့် ကျရှုံးနေရတာလဲ။ ဘာကြောင့်လဲဆိုရင်တော့ မြန်မာနိုင်ငံပြည်သူတွေက ခုခံတော်လှန်နေတဲ့အတွက်ကြောင့်ပဲ။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ကောင်စီတည်ထောင်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်း Yanghee Lee က ပြောကြားခဲ့သည်။

အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်ပြီး ရက်ပိုင်းအတွင်းပေါ်ပေါက်လာခဲ့သည့် ခုခံတော်လှန်ရေးလှုပ်ရှားမှုများသည် ဒီမိုကရေစီ ထုံးနည်းစံကျ တော်လှန်ရေးတစ်ရပ် ဖြစ်လာခဲ့သည်ဟု သတင်းစာရှင်းလင်းပွဲတွင် Yanghee Lee မှ ပြောကြားခဲ့သည်။ ဖယ်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကြေညာချက်၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပြည်သူ့အုပ်ချုပ်ရေးကော်မတီများအား ဖွဲ့စည်းနိုင်ခြင်း အပါအဝင် တော်လှန်ရေး၏ အောင်မြင်မှုများကို သူမက မီးမောင်းထိုးပြခဲ့သည်။

မင်းအောင်လှိုင်၏ ဆင်ခြင်တုံကင်းမဲ့စွာလုပ်ဆောင်မှုများ တိုးမြင့်လာသည်နှင့် အမျှ ၎င်းတပ်ဖွဲ့များမှ ပိုမိုရက်စက်ကြမ်းကြုတ်လာသည့် အခြေအနေတွင် အရင်းအနှီးကြီးစွာ ပေးဆပ်ပြီးမှသာ ဤအောင်မြင်မှုများကို ရရှိလာခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုအခြေအနေသည် လွန်ခဲ့သည့် လေးလတွင်း ပိုမိုပြင်းထန်လာပြီး ကမ္ဘာပေါ်ရှိ အကြမ်းဖက်မှု ဖြစ်ပွားလျက်ရှိသည့် အခြေအနေများဖြစ်သော ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ယီမင် နှင့် အီရပ် နိုင်ငံများထက် ပိုမိုဆိုးရွားလာခဲ့သည်။

သို့ပေမယ့် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ တည်ထောင်သူဖြစ်ပြီး ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ ဥက္ကဋ္ဌဟောင်း Marzuki Darusman က Yanghee Lee ၏ ပြောဆိုချက်ကို ထပ်မံ ထင်ဟပ်ဖော်ပြသည်။ **“ဒီနိုင်ငံဟာ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့အတွက် ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ် နေဆဲ သမိုင်းဝင်အချိန်ကာလတစ်ခုမှာ ရှိနေတယ်။ သမိုင်းတလျှောက်မှာ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီအခြေအနေကို ရောက်နေပြီဆိုရင် စစ်အာဏာရှင်မဆိုထားနဲ့ ဘယ်လိုအရာကမှ ဒါကို တားဆီးနိုင်မှာမဟုတ်ဘူး။”** ဟု ၎င်းက ပြောခဲ့သည်။

အကောင်းဘက်သို့မျှော်လင့်ရန်အကြောင်းရင်းများတွင် စစ်အာဏာရှင်အား လုံး၀တရားဝင် မဖြစ်စေခြင်း၊ အဓိက ကြီးမားသော ကော်ပိုရေးရှင်းများ ထွက်ခွာခြင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် အသိအမှတ်ပြုမှုပိုမိုရရှိလာခြင်းများပါဝင်သည်ဟု **Darusman** က ပြောခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံတကာဆိုင်ရာစနစ်များသည် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်းမရှိသဖြင့် ပြစ်တင်ဝေဖန် ခံရလျက်ရှိသည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ တည်ထောင်သူဖြစ်ပြီး ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ အဖွဲ့ဝင်ဟောင်း **Chris Sidoti** က အရေးယူဆောင်ရွက်မှုမရှိခြင်းမှာ နိုင်ငံတကာ တုန့်ပြန်မှုများ၏ လက္ခဏာတစ်ရပ် ဖြစ်နေသော်လည်း ပြောင်းလဲမှုပြုလုပ်ရန်အတွက် အခွင့်အလမ်းများရှိကြောင်း ပြောခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအောက်မှ ၎င်း၏ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အသိအမှတ်ပြုလက်ခံရန်နှင့် စစ်အာဏာရှင်အပေါ် သက်ရောက်မည့် ဖြတ်သုံးဖြတ်ဖြစ်သော လက်နက်ဖြတ်တောက်ခြင်း၊ ငွေကြေးဖြတ်တောက်ခြင်းနှင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရခြင်းအားဖြတ်တောက်ခြင်း များကို လုပ်ဆောင်နိုင်မည့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်ကို အတည်ပြုရန်လိုအပ်ကြောင်း **Sidoti** က သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တို့အား အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်စားလှယ်အဖြစ်လက်ခံကြိုဆိုပြီး ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများ၊ စွဲချက်တင်ခြင်းများနှင့် တရားစွဲဆိုမှုများတွင် ပူးပေါင်းပါဝင်ပေးရန်အတွက်လည်း ၎င်းမှ တောင်းဆိုခဲ့သည်။

**“ကျွန်တော်တို့ နိုင်ငံတကာစနစ်တွေမှာ မြန်မာနိုင်ငံက ပြည်သူတွေဘက်က ရပ်တည်ဖို့အတွက် အခွင့်အလမ်း ရှိပါတယ်။ ပြည်သူတွေရဲ့ အောင်ပွဲက ရှင်းရှင်းလင်းလင်း တွေ့နေရပြီ။ ဒါက ဖြစ်လာမှာပဲ။ ဒါပေမယ့် ဒီနှစ်တွေအတွက် သမိုင်းမှတ်တမ်းကို ပြန်ရေးတဲ့အခါ နိုင်ငံတကာဆိုင်ရာ စနစ်တွေအနေနဲ့ ဘယ်လိုမျိုး အကဲဖြတ်ခံရနိုင်မလဲ။”** ဟု **Sidoti** က ပြောခဲ့သည်။